Message Three

# ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်မစရာအဖြစ် ဝမ်းမြောက်ခြင်းအားဖြင့်၊ ကိုယ်တော်၏ကြီးမားထင်ရှားခြင်းအတွက် ခရစ်တော်ကို အသက်ရှင်ခြင်းအားဖြင့်၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသော သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်အားဖြင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊ ၂၀း ၂၂။ ၆း ၅၇၊ ၆၃။ ဟေရှာ၊ ၁၂း ၃–၆။ ဖိ၊ ၁း ၁၉– ၂၁က။ ဂလ၊ ၆း ၁၇–၁၈။ ဗျာ၊ ၂၂း ၂၁

**I. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်မစရာအဖြစ် ဝမ်းမြောက်ခြင်းအားဖြင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အသက်ရှင်ကြသည်။**

က။ သခင်ဘုရားသည် သူ၏ရှင်ပြန်ထမြောက်ခြင်းနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်အဖြစ် (သန့်ရှင်းသောထွက်သက်ဝင်သက်) မိမိကိုယ်တော်တိုင်ကို တပည့်တော်များအထဲသို့ မှုတ်သွင်းတော်မူခဲ့သည် (ယော၊ ၂၀း ၂၂)။ ယခု ကျွန်ုပ်တို့သည် ချူမက်တစ် ခရစ်တော်ကို ဘုရားသခင်၏ထွက်သက်ဝင်သက်အဖြစ် အဆက်မပြတ်လက်ခံရရှိနိုင် ပြီဖြစ်သည်။ ကိုယ်တော်၏ နာမတော်ကို ကျွန်ုပ်တို့ ခေါ်ခြင်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကြွယ်ဝခြင်းရှိလာနိုင်ပြီဖြစ်သည် (မြည်၊ ၃း ၅၅–၅၆။ က၊ ၄း ၂၆။ ရော၊ ၁၀း ၁၂–၁၃။ *Hymns,* #255)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှူထုတ်လိုက်ခြင်းဖြစ်သော သမ္မာကျမ်းစာတည်းဟူသော နှုတ်ကပတ်တော်ကိုလည်း ရှူသွင်းနိုင်ပြီဖြစ်သည်(၂တိ၊ ၃း ၁၆)။ အကြောင်းမူကား၊ ကိုယ်တော်၏စကားတော်သည် အသက်ဝိညဉ်တော်၏ ကိုယ်ထင်ရှားခြင်းဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ်လေ့ကျင့်ခြင်းအားဖြင့် ကိုယ်တော်၏ စကားတော်ကို လက်ခံရရှိသောအခါ၊ အသက်ဖြစ်သောဝိညာဉ်တော်ကို လက်ခံရရှိကြသည် (ယော၊ ၆း ၅၇၊ ၆၃)။

ခ။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ရွေးချယ်ခံလူမျိုးများ၏ ဝမ်းမြောက်ခြင်းအတွက် သူတို့အား ကျေနပ်စေရန်၊ ဘုရားသခင်၏တိုးပွားခြင်း၊ ဘုရားသခင်၏ကြီးမားခြင်းနှင့် ကိုယ်တော်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းတည်းဟူသော အသင်းတော်ကို ထုတ်လုပ်ခြင်းပန်းတိုင်အတွက် စမ်းရေတွင်း၊ အရင်းအမြစ်၊ အသက်ရေဖြစ်ရန် ဖြစ်သည် – ယေရ၊ ၂း ၁၃။ မြည်၊ ၃း ၂၂–၂၄။ ၁ကော၊ ၁း ၉။

၁။ ရှင်ပြန်ထမြောက်ခြင်း၌ ဝိညာဉ်တော်တစ်ပါးတည်းကို ကျွန်ုပ်တို့သောက်သုံးခြင်းမှာ ကျွန်ုပ်တို့အား ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်လာစေပြီး၊ ကိုယ်ခန္ဓာတော်အဖြစ် တည်ဆောက်ခံစေကာ၊ ခရစ်တော်၏ သတို့သမီးအဖြစ် ပြင်ဆင်ပေးသည် – ၁ ၂း ၁၃။ ဗျာ၊ ၂၂း ၁၇။ ယော၊ ၄း ၁၄ခ။

၂။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ စကားပြောခြင်းနှင့် သီချင်းဆိုခြင်းအားဖြင့် ကယ်တင်ခြင်းသက်စမ်းရေကို ဝမ်းမြောက်စွာ သောက်သုံးနိုင်၍၊ သခင်ဘုရားအားဖြင့်၊ သခင်ဘုရားအတွက်၊ သခင်ဘုရား၌၊ သခင်ဘုရားနှင့်အတူ သခင်ဘုရားကို ချီးမြောက်ကာ သခင်ဘုရား၌ စဉ်ဆက်မပြတ်ဝမ်းမြောက်နိုင်သည် – ဆာ၊ ၄၆း ၄။ ဟေရှာ၊ ၁၂း ၃–၆။

၃။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အစဉ်မပြတ်စကားပြောဆိုခြင်းကို လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်းအားဖြင့် သခင်ဘုရားကို ဝိညာဉ်ရေးရာသောက်သုံးရာအဖြစ် ဝမ်းမြောက်နိုင်သည်။ ထိုအခါ ကျွန်ုပ်တို့သည် ခရစ်တော်ကို အလိုအလျောက်အသက်ရှင်ကြမည်ဖြစ်သည် – စာရင်း၊ ၂၀း ၈။ ဖိ၊ ၄း ၆–၇၊ ၁၂။

ဂ။ ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် အသက်ရှင်ခြင်းငှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအစာအဖြစ် စားသုံးနိုင်သည် (ယော၊ ၆း ၅၇)။ ခရစ်တော်ကို စားသောက်ခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် ကိုယ်တော်၏စကားတော်ကို ဆုတောင်း–ဖတ်ခြင်း နှင့် ဆင်ခြင်ရွတ်ဆိုခြင်းဖြင့် စားသောက်ခြင်းဖြစ်သည်။ ထိုသို့ဖြင့် ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံး၏ ရွှင်လန်းခြင်းနှင့် ဝမ်းမြောက်ခြင်းဖြစ်လာသည် (ယေ၊ ၁၅း ၁၆။ ဆာ၊ ၁၁၉း ၁၅–၁၆။ ယောရှု၊ ၁း ၈–၉)။ ခရစ်တော်အားဖြင့်သာမက၊ "ခရစ်တော်ကြောင့်" အသက်ရှင်ခြင်းမှာ ခရစ်တော်၏ခွန်အားဖြစ်စေသော ဒြပ်သဘာဝသည် ခရစ်တော်ကို အသက်ရှင် ကျွန်ုပ်တို့အား မစပေးနေသောအကြောင်းရင်းဖြစ်လာသည်။

**II. ကျွန်ုပ်တို့သည် ယေရှုခရစ်၏ဝိညာဉ်တော်ကြွယ်ဝရက်ရောစွာမစပေးခြင်းအားဖြင့် ကိုယ်တော်၏ကြီးမားထင်ရှားခြင်းအတွက် ခရစ်တော်ကို အသက်ရှင်ခြင်းအားဖြင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အသက်ရှင်ကြသည် – ဖိ၊ ၁း ၁၉– ၂၁က။**

က။ ယုံကြည်သူများသည် ယေရှုခရစ်၏ဝိညာဉ်တော်ကြွယ်ဝရက်ရောစွာမစပေးခြင်းအားဖြင့် ခရစ်တော်ကို အသက်ရှင်ကြသည်။ ယေရှုခရစ်၏ဝိညာဉ်တော်သည် အသက်–ဝေငှဖြန့်ဖြူးပေးသော ဝိညာဉ်တော်တည်းဟူသော ခရစ်တော်ဖြစ်သည် – အငယ်၊ ၁၉။ ၁ကော၊ ၁၅း ၄၅ခ။ ၂ကော၊ ၃း ၆။

၁။ ဤကြွယ်ဝရက်ရောသော မစမှု၌ ဘုရားဇာတိ၊ လူသားဇာတိ၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်း၊

ဘုရားဆိုင်ရာဂုဏ်အင်္ဂါတော်များနှင့် လူသားကောင်းမြတ်ခြင်းများပါဝင်သည်။

၂။ ကျွန်ုပ်တို့လုပ်ဆောင်သောအရာအားလုံးနှင့် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းအားလုံးသည် ယေရှုခရစ်တော်၏ ဝိညာဉ်တော် ကြွယ်ဝစွာမစခြင်းအားဖြင့် ရောက်ရှိလာခြင်းဖြစ်ရမည်ဖြစ်သည် – ဖိ၊၁း၁၉။

၃။ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းအောက်၌ ကျွန်ုပ်တို့သည် အလိုအလျောက်ပင် အတွင်း၌ ခရစ်တော်၏ မစမှုကို လက်ခံရရှိကြမည်ဖြစ်ကာ ခရစ်တော်ကို ထင်ရှားသော အသက်တာကို အသက်ရှင်လာကြမည်ဖြစ်သည် – အငယ်၊ ၂၀– ၂၁က။

ခ။ ပေါလု၏ အသက်တာနှင့် အလုပ်မှာ မိမိကိုယ်ကိုယ်ထင်ရှားစေခြင်းမဟုတ်သကဲ့သို့ သူ၏ သိကျွမ်းခြင်း၊ သူ၏ တတ်စွမ်းခြင်း၊ သူ၏ အခြား တော်တတ်ခြင်းများနှင့် ကောင်းမွန်သောအချက်များကို ပြသခြင်းလည်း မဟုတ်ပေ။ သူ၏ ဖြစ်ခြင်းနှင့် လုပ်ဆောင်ခြင်းမှာ ခရစ်တော်ကို ထင်ရှားစေခြင်းအတွက်၊ ခရစ်တော်ကို ကြီးမားထင်ရှားစေခြင်းအတွက်သာ ဖြစ်သည် – အငယ်၊ ၂၀။ ၃း၃–၁၀။ ၂ကော၊၄း၅။

ဂ။ တမန်တော်သည် သူ၏ ခန္ဓာ၌ နာကျင်ခြင်းခံရစဉ်ပင် ခရစ်တော်သည် ကြီးမားထင်ရှားခဲ့သည်။ ကိုယ်တော်သည် ကြီးမားခြင်း (အကန့်အသတ်မရှိ)၊ ချီးမြောက်ခံရခြင်းနှင့် ထောမနာပြုခြင်းတို့ကို ထင်ရှားပြဖော်ကြွေးကြော်ခြင်း ခံခဲ့ရသည် – ဖိ၊၁း ၂၀။

၁။ တမန်တော်၏ ဆင်းရဲဒုက္ခခံရခြင်းမှာ သူ့အား ကိုယ်တော်၏ အကန့်အသတ်မဲ့သော ကြီးမားခြင်း၌ ခရစ်တော်ကို ထင်ရှားစေခြင်းငှာ အခွင့်အရေးရစေခဲ့သည်–တ၊၉း၁၆။ ၂ကော၊၆း၄။၁၁း ၂၃။ ကော၊၁း ၂၄။

၂။ ပတ်ဝန်းကျင်အခြေအနေတိုင်း၌ ခရစ်တော်ကို ကြီးမားထင်ရှားစေဖို့ ကိုယ်တော့်ကို ထိပ်ဆုံးသောဝမ်းမြောက်မှုဖြင့် တွေ့ကြုံခံစားရန်ဖြစ်သည် – ဖိ၊၁း၁၁။ ၄း ၂၃။

၃။ ပေါလုသည် ရောမအကျဉ်းထောင်၌ ဖမ်းဆီးခံရစဉ်တွင် သူသည် ခရစ်တော်ကို ကြီးမားထင်ရှားစေခဲ့သည်၊ သူ့ကို ဖမ်းဆီးသောသူများ၏ မျက်စိရှေ့တွင် ကိုယ်တော့်ကို ကြီးမားစွာထင်ရှားစေခဲ့သည်။ ပတ်ဝန်းကျင် အခြေအနေမည်သို့ပင်ရှိပါစေ၊ ပေါလုသည် ဝမ်းမြောက်ခြင်းအပြည့်ရှိ၍ သခင်ဘုရား၌ ရွှင်လန်းဝမ်းမြောက်ခဲ့သည် – ၁း၄၊ ၁၈၊ ၂၅။ ၂း ၂၊ ၁၇–၁၈၊ ၂၈– ၂၉။ ၃း၁။ ၄း၁၊ ၄။

၄။ ပေါလုသည် သူ၏ ဝမ်းမြောက်ခြင်း၌ အလင်းထွန်းလင်း၍ ခရစ်တော်ကို ထင်ရှားခြင်းမှာ ခရစ်တော်၏ အကန့်အသတ်မရှိ ကြီးမြတ်ခြင်းကို ကြွေးကြော်ခြင်းနှင့် ခရစ်တော်သည် စစ်၍မကုန်ခန်းနိုင်ကြောင်းကို ကြေညာခြင်းဖြစ်သည် – ဧ၊၃း၈၊ ၁၈။ ညွှန်း၊ ဟေရှာ၊၉း၆။

ဃ။ ကိုယ်တော်၏ ကြီးမားထင်ရှားခြင်းအတွက် ခရစ်တော်ကို အသက်ရှင်ခြင်းမှာ အသက်၌ ခရစ်တော်၏ ကယ်တင်ခြင်းကို ပါဝင်ဆက်ဆံခြင်းဖြစ်သည်။ ယင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်မရှင်သောကျဆင်းခြင်းမှ၊ ခရစ်တော်ကို ကြီးမားထင်ရှားစေခြင်းမရှိသော ရှုံးနိမ့်ခြင်းမှ ကယ်တင်ခံရကြသည် – ရော၊၅း၁၀။

င။ ယုံကြည်သူများ၏ စံနမူနာဖြစ်သော ပေါလုသည် ခရစ်တော်၏ တက်ကြွခြင်း၌ရှိသော အသက်တာ၊ ဘုရားကို အပြည့်အဝထင်ရှားစေသောအသက်တာ၊ လူသားကောင်းမြတ်ခြင်းများ၏ အမြင့်ဆုံးသောစံနှင့်အတူ ထူးကဲသာလွန်သော ဘုရား၏ ဂုဏ်အင်္ဂါတော်များကို ထင်ရှားစေသောအသက်တာ၊ မြေကြီးပေါ် သခင်ဘုရားကိုယ်တော်တိုင် ရှင်ခဲ့သောအသက်တာကို ပြန်လည်ရှင်ထွက်သောအသက်တာကို အသက်ရှင်ခဲ့သည် – ၁တိ၊၁း၁၆။ တ၊ ၂၇း ၂၁– ၂၆။ ၂၈း၃–၆၊ ၈–၁၀။

## III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ရှိသော သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်အားဖြင့် ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၌ အသက်ရှင်ကြသည် – ဂလ၊၆း၁၈။

က။ နေ့စဉ်တိုင်းတွင် အံ့သြဖွယ်သော ဘုရားဆိုင်ရာပို့လွှတ်ဖြန့်ဖြူးခြင်း ဖြစ်ပေါ် နေရမည်ဖြစ်သည်။ ဘုရားသခင်သည် ကျေးဇူးတော်၏ ဝိညာဉ်တော်ကို ကြွယ်ဝရက်ရောစွာမစပေးနေ၍၊ ကျွန်ုပ်တို့သည် ကျေးဇူးတော်၏ ဝိညာဉ်တော်ကို အဆက်မပြတ်လက်ခံယူနေရမည်ဖြစ်သည်။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အစိတ်အပိုင်း ပါဝင်ရာဖြစ်လာကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထင်ရှားခြင်းဖြစ်လာနိုင်ကြမည်ဖြစ်သည် – ဟေဗြဲ၊၁၀း ၂၉ခ၊ ယော၊၁း၁၆။ဂလ၊၃း ၂–၅။ ၂ကော၊၁း၁ ၂။ ၁ ၂း၉။

၁။ ကျေးဇူးတော်ကို လက်ခံရန်နှင့် ဝမ်းမြောက်ရန် နည်းလမ်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်ထဲလှည့်ပြန်လာရန်၊ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရန် နှင့် သခင်ဘုရားကို နန်းတင်စိုးစံစေရန် ဖြစ်သည်။

က။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်ထဲလှည့်ပြန်လာခြင်းဖြင့် ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်လာသောအခါတိုင်း၊ သခင်ဘုရားကို နန်းတင်စိုးစံစေရမည်၊ ကိုယ်တော့်ကို ဦးခေါင်းတော်နေရာ၊ ရှင်ဘုရင်နေရာနှင့် ကျွန်ုပ်တို့အတွင်း၌ သခင်အရာကို ပေးကြရမည်ဖြစ်သည် – ဟေဗြဲ၊၄း၁၆။ ရော၊၅း၁၇၊ ၂၁။ ကော၊၁း၁၈ခ။ ဗျာ၊ ၂း၄။

ခ။ ဘုရားသခင်၏ ပလ္လင်တော်သည် ကျေးဇူးတော်စီးဆင်းရာ၏ အရင်းအမြစ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို နန်းတင်စိုးစံစေရန် ကျဆင်းသွားသောအခါတိုင်း၊ ကိုယ်တော့်ကို နန်းချလိုက်သောအခါတိုင်း ကျေးဇူးတော်

စီးဆင်းမှုရပ်တံ့သွားသည် – ၂၂း၁။

ဂ။ ကျွန်ုပ်တို့အတွင်း၌ သခင်ယေရှုကို နန်းတင်စိုးစံစေသောအခါ အသက်မြစ်ရေဖြစ်သော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို မစပေးရန် ကျေးဇူးတော်ပလ္လင်တော်ထဲက စီးထွက်လာမည်ဖြစ်သည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို လက်ခံရရှိကာ၊ ကျေးဇူးတော်ကို ဝမ်းမြောက်ရမည်ဖြစ်သည် –အငယ်၊၁။ *Hymns, #770*

၂။ ယေရှု၏ဒဏ်ချက်ရာများကို ဆောင်သော ကျွန်ုပ်တို့သည် ခရစ်တော်၏ကျေးဇူးတော်ကို ဝမ်းမြောက်ရသည် – ဂလ၊ ၆း၁၇–၁၈။

က။ ဝိညာဉ်ဆိုင်ရာအရ၊ ယေရှု၏ဒဏ်ချက်ရာများမှာ ဤမြေကြီးပေါ် သခင်ယေရှုအသက်ရှင်ခဲ့သော အသက်တာနှင့်တူသည့် ပေါလုအသက်ရှင်ခဲ့သောသွင်ပြင်လက္ခဏာများကို ပုံဆောင်သည်။ ထိုသို့သောအသက်တာမှာ အဆက်မပြတ်အသေခံခြင်း (ယော၊၁၂း၂၄)၊ ဘုရားသခင်၏ အလိုတော်ကိုဆောင်ခြင်း(၆း၃၈)၊ မိမိ၏ဘုန်းကို မရှာဘဲ၊ ဘုရားသခင်၏ဘုန်းကို ရှာခြင်း (၇း၁၈)၊ ကားတိုင်ပေါ် အသေခံခြင်းတိုင် ဘုရားသခင်ထံသို့ ဝန်ခံခြင်းနှင့် နာခံခြင်းရှိသော အသက်တာဖြစ်သည် (ဖိ၊၂း၈)။

ခ။ ကျွန်ုပ်တို့သည် ယေရှု၏ဒဏ်ချက်ရာများကို ဆောင်၍ အသေခံသောအသက်တာဖြင့် အသက်ရှင်ကြမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အိမ်တော်သားများထံသို့ ဘုရားသခင်၏ကျေးဇူးတော်တည်းဟူသော ခရစ်တော်ကို ကျွန်ုပ်တို့အမှုဆောင်ဝေငှရန်အတွက် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသည့် အသက်–ပေးသောဝိညာဉ်တော်၏ မစမှုတည်းဟူသော ခရစ်တော်၏ ကျေးဇူးတော်ကို ဝမ်းမြောက်ကြမည်ဖြစ်သည် – ၃း၁၀။ ၂ကော၊၄း၁၀–၁၁။ ဧ၊၃း၂။

ခ။ ယုံကြည်သူများအထဲသို့ ဓမ္မသစ်ခေတ်တစ်လျှောက်လုံး သခင်ယေရှု၏ ကျေးဇူးတော်ဝေငှဖြန့်ဖြူးခြင်းမှာ ကိုယ်တော်၏ ဘုန်းထယ်ဝါသော ကြီးမားကျယ်ပြန့်ခြင်းနှင့် ထင်ရှားခြင်းအတွက် ပေါင်းစည်းခြင်း၊ ရောနှောခြင်း၊ လူနှင့်အတူ မိမိကိုယ်တော်တိုင်၏ အပြန်အလှန်ကိန်းဝပ်ခြင်း၌ ဘုရားသခင်၏ကောင်းသောကျေနပ်အားရမှု ပြီးမြောက်ပြည့်စုံခြင်းတည်းဟူသော ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်မည်ဖြစ်သည် – ဗျာ၊၂၂း၂၁။ ဧ၊၂း၁၀။

*© 2021 Living Stream Ministry*